ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်၊
# ပဲခူးတိုင်းဒေသကြီး၏
# နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**၂၀၁၂–၂၀၁၃ ခု ဘဏ္ဍာရေးနှစ်၊ ပဲခူးတိုင်းဒေသကြီး၏**

**နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ**

**(၂၀၁၂ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**ဥပဒေအမှတ် ၆ ။ )**

၁၃၇၄ ခုနှစ်၊ နတ်တော်လဆုတ်၊ ၃ ရက်

(၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၊ ၃၁ ရက်)

ပဲခူးတိုင်းဒေသကြီးလွှတ်တော်သည်ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

**အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ**

၁။ (က) ဤဥပဒေကို ၂၀၁၂–၂၀၁၃ ခု ဘဏ္ဍာရေးနှစ်၊ ပဲခူးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၂–၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

အခန်း(၂)

**နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း**

၂။ (က) ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီး လွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ဇယား(၁)၊ (၂)နှင့် (၃)တွင်ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင်ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၂ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟုမှတ်ယူရမည်။

၃။ (က) ပုဒ်မ(၂) ပါတာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည်မိမိအားတာဝန်ပေးအပ်သည့်သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအားလွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကိုစီမံခန့်ခွဲရာတွင်ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ၂၀၁၂ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဘုန်းဝင်း

ဝန်ကြီးချုပ်

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

## တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၂ ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | ၁ | တရားရုံးများ | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | | ၈.၀၀၀ | | | |
| | ၂ | ဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၂၁.၈၆၈ | | | | | | |
| | | ပေါင်း | | ၂၁.၈၆၈ | | | ၈.၀၀၀ | | | |

## တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၂ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၁ | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် | ၁၄၅၄.၇၆၁ | | | | | | |
| | | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | သို့မဟုတ် | ၁၄၃၀.၄၅၃ | | | | | | |
| | | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ်က | ၁.၅၆၂ | | | | | | |
| | | ၃ | အကျဉ်းဦးစီးဌာန | တာဝန်ပေးသူ | ၁၄.၇၄၂ | | | | | | |
| ၂ | ၂ | | **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း** | ၎င်း | ၂၀၉.၁၀၀ | | | | | | |
| | | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၂၀၉.၁၀၀ | | | | | | |
| ၃ | ၃ | | **သမဝါယမ** | ၎င်း | ၂.၂၂၉ | | | | | | |
| | | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၂.၂၂၉ | | | | | | |
| ၄ | ၄ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | ၎င်း | ၁၂.၁၉၄ | | | | | | |
| | | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၁၂.၁၉၄ | | | | | | |
| ၅ | ၅ | | **ဆောက်လုပ်ရေး** | ၎င်း | ၄၀၀.၁၉၃ | | | | | | |
| | | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၉.၇၇၁ | | | | | | |
| | | ၂ | အဆောက်အအုံ၊လမ်းနှင့်တံတားများ ပြုပြင်ထိန်းသိမ်းခြင်း | | ၃၈၀.၄၂၂ | | | | | | |
| ၆ | ၉ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ** | ၎င်း | ၃၅.၀၂၉ | | | | | | |
| | | ၁ | သစ်တောဦးစီးဌာန | | ၃၅.၀၂၉ | | | | | | |
| ၇ | ၁၁ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | ၄၆.၆၇၃ | | | ၃၃.၄၄၁ | | | |
| | | | ပေါင်း | | ၂၁၆၀.၁၇၉ | | | ၃၃.၄၄၁ | | | |

# တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၂ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ဆက်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၂ | | **ဆောက်လုပ်ရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၀၆,၇၀၇ | | | | | | |
| | | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၁၀၆,၇၀၇ | | | | | | |
| | | | ပေါင်း | | ၁၀၆,၇၀၇ | | | | | | |